



# 1 တီဘီရောဂါဆိုတာ ဘာလဲ?

- တီဘီရောဂါသည် တီဘီပိုး ကူးစက်မှုကြောင့် ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်မျိုး ဖြစ်ပါသည်။ အဓိကအားဖြင့် အဆုတ်တွင် ဖြစ်ပွားသော်လည်း ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများတွင်လည်း ရောဂါဖြစ်ပွားနိုင်ပါသည်။



# 2 တီဘီရောဂါ ဘယ်လိုကူးစက်သလဲ?

- ကူးစက်နိုင်သော အဆုတ်တီဘီလူနာတစ်ဦး ချောင်းဆိုးခြင်း၊ နှာချေခြင်း သို့မဟုတ် စကားပြောခြင်း ပြုလုပ်သည့်အခါ တီဘီပိုးများ လေထုထဲသို့ ပျံ့နှံ့နိုင်ပါသည်။ အခြားသူများက တီဘီပိုးပါဝင်သော လေကို ရှူသွင်းမိပါက ကူးစက်ခံရနိုင်ပါသည်။








## Q1 တီဘီရောဂါ ကုသမှုကုန်ကျစရိတ် ဘယ်လောက်ရှိသလဲ?

**A1**

### ကျန်းမာရေးအာမခံ ဝင်ထားသူများ

တီဘီရောဂါ ကုသမှုပြီးဆုံးသည့်အထိ ကုသမှုကုန်ကျစရိတ်အားလုံးကို အခမဲ့ ရရှိနိုင်ပါသည်။
※ သို့သော် အစားအသောက်စရိတ်နှင့် အာမခံမပါဝင်သော ဝန်ဆောင်မှုအချို့အတွက် လူနာကိုယ်တိုင် ကုန်ကျစရိတ် ပေးချေရနိုင်ပါသည်။

### ကျန်းမာရေးအာမခံ မဝင်ထားသူများ

တီဘီရောဂါ ကုသမှုကုန်ကျစရိတ်အားလုံးကို လူနာကိုယ်တိုင် ကျခံရမည်ဖြစ်သော်လည်း ပြည်သူ့ကျန်းမာရေးဌာန သို့မဟုတ် အမျိုးသားတီဘီဆေးရုံများတွင် အခမဲ့ ကုသမှုခံယူနိုင်ပါသည်။

※ သို့သော် အစားအသောက်စရိတ်နှင့် အာမခံမပါဝင်သော ဝန်ဆောင်မှုအချို့အတွက် လူနာကိုယ်တိုင် ကုန်ကျစရိတ် ပေးချေရနိုင်ပါသည်။
※ ကာလတိုနေထိုင်သူ သို့မဟုတ် တရားဝင်နေထိုင်ခွင့်မရှိသူတစ်ဦးသည် ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီရောဂါ (MDR-TB) ရှိကြောင်း ရောဂါရှာဖွေတွေ့ရှိပါက သတ်မှတ်ထားသော ဘတ်ဂျက်အတွင်း ကူးစက်နိုင်စွမ်း မရှိတော့သည့်အထိ အကူအညီ ရရှိနိုင်ပါသည်။

### အမျိုးသားတီဘီဆေးရုံများ အချက်အလက်

**Masan အမျိုးသားဆေးရုံ**



215 Gapo-ro, Masanhappo-gu, Changwon-si, Gyeongsangnam-do

055-249-5051

**Mokpo အမျိုးသားဆေးရုံ**



75 Sinjimaeul 1-gil, Mokpo-si, Jeollanam-do

061-280-1114

## Q2 မိခင်နိုင်ငံကို ပြန်ပြီး တီဘီရောဂါ ကုသမှုခံယူလိုပါတယ်။ ကိုရီးယားနိုင်ငံမှ ထွက်ခွာသွားပါက ကိုရီးယားနိုင်ငံသို့ ပြန်လည်ဝင်ရောက်၍ မရတော့ဘူးလား?

**A2** မဟုတ်ပါ။ မိခင်နိုင်ငံသို့ ပြန်ရောက်ပြီးနောက် တီဘီရောဂါ ကုသမှုကိုဆက်လက်ခံယူကာ ကုသမှုပြီးဆုံးကြောင်း အတည်ပြုနိုင်ပါက ကိုရီးယားနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ပါသည်။

※ မိခင်နိုင်ငံရှိ ကိုရီးယားသမ္မတနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမှတစ်ဆင့် ကုသမှုပြီးဆုံးကြောင်း အထောက်အထားစာရွက်စာတမ်းများ တင်ပြရန် လိုအပ်ပါသည်။

## Q3 တီဘီရောဂါ ကုသမှုကို မိမိသဘောဖြင့် ရပ်တန့်ခြင်း သို့မဟုတ် ကုသမှုညွှန်ကြားချက်ကို မလိုက်နာပါက ဘာဖြစ်မလဲ?

**A3** ကိုရီးယားနိုင်ငံတွင် တီဘီရောဂါ ကုသမှုခံယူနေစဉ် ကုသမှုညွှန်ကြားချက်ကို မလိုက်နာခြင်း သို့မဟုတ်ကုသမှုကို ရပ်တန့်ခြင်း ပြုလုပ်ပါက အထူးစောင့်ကြည့်စီမံရမည့်သူအဖြစ် မှတ်ပုံတင်ခံရပါမည်။

တာဝန်ရှိ ပြည်သူ့ကျန်းမာရေးဌာနက ဆေးရုံတက်ရောက်ကုသရန် အမိန့်ပေးခြင်း စသည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ပြီး၊ နိုင်ငံမှ ထွက်ခွာသွားကြောင်း အတည်ပြုပါက ပြန်လည်ဝင်ရောက်ခွင့် ပိတ်ပင်သည့် အရေးယူမှု ပြုလုပ်နိုင်ပါသည်။

※ တာဝန်ရှိ ပြည်သူ့ကျန်းမာရေးဌာနက ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (KDCA) သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များမှတစ်ဆင့် ဝင်ထွက်မှတ်တမ်းများကို စစ်ဆေး၍ မိခင်နိုင်ငံသို့ ပြန်သွားခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ပါသည်။

※ မိခင်နိုင်ငံတွင် တီဘီရောဂါ ကုသမှုပြီးဆုံးကြောင်း အတည်ပြုနိုင်ပါက ကိုရီးယားနိုင်ငံသို့ ဝင်ရောက်ခွင့် ပိတ်ပင်ထားခြင်းကို ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။

နိုင်ငံခြားသား တီဘီရောဂါလူနာများအတွက်

# တီဘီရောဂါ

## တီဘီရောဂါ ကုသမှုနှင့် စီမံခန့်ခွဲမှု လမ်းညွှန်




질병관리청 결핵 ZERO 완치가능한 결핵

# တီဘီရောဂါ စစ်ဆေးခြင်း

KOREA DISEASE CONTROL AND
PREVENTION AGENCY



## 1 တီဘီရောဂါ၏ အဓိကလက္ခဏာများက ဘာတွေလဲ?



၂ ပတ်နှင့်အထက် ချောင်းဆိုးခြင်း



ကိုယ်အလေးချိန် လျော့ကျခြင်း



ဖျားခြင်း



ညဘက် ချွေးထွက်ခြင်း



တစ်ကိုယ်လုံး အားနည်းခြင်း




အစားစားချင်စိတ် လျော့နည်းခြင်း


## 2 တီဘီရောဂါ သံသယရှိပါက ဘာလုပ်ရမလဲ?

- အနီးဆုံး ပြည်သူ့ကျန်းမာရေးဌာန သို့မဟုတ် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းသို့ သွားရောက်၍ တီဘီရောဂါ စစ်ဆေးမှု ခံယူပါ။

### တီဘီရောဂါ စစ်ဆေးမှုကုန်ကျစရိတ်

| ပြည်သူ့ကျန်းမာရေးဌာန | ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း |
|---|---|
|  |  |
| အခမဲ့ | စစ်ဆေးခံယူသူ ကိုယ်တိုင် ကျခံရမည် |

## 3 တီဘီရောဂါ စစ်ဆေးရာတွင် ဘယ်လိုစစ်ဆေးမှုတွေ ပြုလုပ်သလဲ?



### ① ရင်ဘတ် X-ray စစ်ဆေးခြင်း

- တီဘီရောဂါ ရောဂါရှာဖွေရန် အခြေခံစစ်ဆေးမှု ဖြစ်ပါသည်။
- စစ်ဆေးမှုရလဒ်တွင် တီဘီရောဂါ သံသယရှိသည် ဟု တွေ့ရှိပါက သလိပ်စစ်ဆေးမှု ပြုလုပ်၍ တီဘီရောဂါ ရှိ၊ မရှိ အတည်ပြုရပါမည်။



### ② သလိပ်စစ်ဆေးခြင်း

- သလိပ်နမူနာ ရယူ၍ တီဘီပိုး ရှိ၊ မရှိ စစ်ဆေးသည့် စစ်ဆေးမှု ဖြစ်ပါသည်။
- တီဘီရောဂါရှိကြောင်း ရောဂါရှာဖွေသတ်မှတ်ခံရပါက မဖြစ်မနေ ကုသမှုခံယူရပါမည်။

# တီဘီရောဂါ ကုသမှု


KOREA DISEASE CONTROL AND
PREVENTION AGENCY



## 1 ဆေးတုံ့ပြန်မှုကောင်းသော တီဘီရောဂါ ကုသမှု

- တီဘီရောဂါသည် ပုံမှန်အားဖြင့် အနည်းဆုံး ၆ လခန့် စဉ်ဆက်မပြတ် ကုသမှုခံယူပါက အပြည့်အဝ ပျောက်ကင်းနိုင်ပါသည်။

  ကုသနေစဉ် လက္ခဏာများ သက်သာလာသော်လည်း မိမိသဘောဖြင့် ဆေးသောက်ခြင်းကို ရပ်တန့်ခြင်း သို့မဟုတ် ဆေးရုံသို့ မသွားတော့ခြင်း ပြုလုပ်ပါက
  ရောဂါပြန်လည်ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် တာဝန်ရှိကျန်းမာရေး ဝန်ထမ်းက ကုသမှုပြီးဆုံးပြီဟု အတည်ပြုသည်အထိ ကုသမှုကို ဆက်လက်ခံယူရပါမည်။






### ကူးစက်နိုင်သော တီဘီရောဂါလူနာများအတွက် ကူးစက်မှုထိန်းချုပ်ရေး စည်းကမ်းများ

1. လေဝင်လေထွက်ကောင်းသော သီးခြားအခန်းတွင် တစ်ဦးတည်း နေထိုင်ပါ။
2. ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်း ပြုလုပ်သည့်အခါ တစ်ရှူးဖြင့် ပါးစပ်နှင့် နှာခေါင်းကို ဖုံးအုပ်ပြီး အသုံးပြုပြီးသော တစ်ရှူးကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စွန့်ပစ်ပါ။
3. ဆေးရုံသွားခြင်းအပါအဝင် အပြင်ထွက်သည့်အခါ နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ပါ။

## 2 ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီရောဂါ (MDR-TB) ကုသမှု

- ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီရောဂါသည် ဆေးတုံ့ပြန်မှုကောင်းသော တီဘီရောဂါထက် ကုသချိန်ပိုကြာပြီး ပုံမှန်အားဖြင့် ၆ လမှ ၂၀ လအထိ ကုသရနိုင်ပါသည်။ ကုသဆေးပေါင်းစပ်မှုလည်း ပိုမိုရှုပ်ထွေးသောကြောင့် အတွေ့အကြုံရှိသည့် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများထံတွင် ကုသမှုခံယူရန် အကြံပြုပါသည်။

### ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီရောဂါ (MDR-TB) ဆိုတာ ဘာလဲ?

တီဘီရောဂါကုသရာတွင် အများအားဖြင့် အသုံးပြုသော အစွမ်းထက်တီဘီဆေးနှစ်မျိုးဖြစ်သည့် **Isoniazid** နှင့် **Rifampicin** တို့ကို ဆေးယဉ်ပါးမှု ဖြစ်ပေါ်နေသော တီဘီရောဂါကို ဆိုလိုပါသည်။

### ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီရောဂါ ဘာကြောင့် ဖြစ်ပွားသလဲ?

အစကတည်းက ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီပိုး ကူးစက်ခံရခြင်းကြောင့် ဖြစ်နိုင်သလို၊ လူနာက ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးကို ပုံမှန်မသောက်ခြင်း သို့မဟုတ် ကုသမှုကို စောစီးစွာ ရပ်တန့်ခြင်းကြောင့်လည်း ဖြစ်ပွားနိုင်ပါသည်။

### ဆေးမျိုးစုံခံနိုင်ရည်ရှိ တီဘီရောဂါ အထူးကုဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများ အချက်အလက်